သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

# တောရိုင်းတိရစ္ဆာန်များအတွက်နေရင်းဒေသများပြန်လည်တည်ထောင်ခြင်း

# လုပ်ငန်းစီမံချက်အစီအစဉ် (RNH)

# မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းနှင့်ဆန်းစစ်ခြင်းအစီရင်ခံစာ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ

# မာတိကာ


| | စာမျက်နှာ |
|---|---|
| နိဒါန်း | ၁ |
| ခွင့်ပြုမိန့် | ၁ |
| ရည်ရွယ်ချက် | ၁ |
| ဆောင်ရွက်သည့်ကာလ | ၁ |
| အကောင်အထည်ဖော်ဆောင်ရွက်သူများ | ၂ |
| ငွေကြေးသုံးစွဲမှု | ၂ |
| ဆောင်ရွက်ခဲ့သည့်နည်းလမ်း(နည်းစနစ်) | ၂ |
| လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များ | ၂-၆ |
| တွေ့ကြုံရသည့်အခက်အခဲများ | ၆-၇ |
| သုံးသပ်ချက်နှင့်အကြံပြုတင်ပြချက် | ၇-၈ |
| နိဂုံး | ၈ |
| နောက်ဆက်တွဲ(က)(ခ)(ဂ)(ဃ)(င)(စ) | |
| နောက်ဆက်တွဲမြေပုံ(က)(ခ) | |
| မိကျောင်းအသိုက်စာရင်းကောက်ယူခဲ့သည့်မှတ်တမ်းဓာတ်ပုံများ | |

**မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**
**တောရိုင်းတိရစ္ဆာန်များအတွက်နေရင်းဒေသများပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်**
**မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းနှင့်ဆန်းစစ်ခြင်းအစီရင်ခံစာ**

## နိဒါန်း

၁။ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရေချိုရေငန်စပ်ဒေသတစ်ခုဖြစ်၍ ဒီရေတောများပေါက်ရောက်ရာဂေဟစနစ်တစ်ခုဖြစ်ပြီး၊ ရေချိုရေငန်စပ်မိကျောင်း (*Crocodylus porosus*) များကို သဘာဝအတိုင်းထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ပါသည်။ ဘေးမဲ့တောအတွင်းအရှယ်ရောက် ရေချိုရေငန်စပ်မိကျောင်းများ အသိုက်ပြုလုပ်နိုင်မှု အခြေအနေကိုကြည့်၍ ဒီရေတောဂေဟစနစ် ပြန်လည်ကောင်းမွန်လာမှုနှင့် မိကျောင်းများ၏မျိုးဆက်ပြန့်ပွားနိုင်မှု အခြေအနေများကို သုံးသပ်နိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ခွင့်ပြုမိန့်

၂။ ညွှန်ကြားရေးမှူး၊ ဝန်းကျင်/သားငှက်ဌာန၊ နေပြည်တော်၏ ၃၁-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ် ဥ ယျာဉ်-ငွေ/ ဘဂ/ ၀၁/ ၆၅၅၇/ ၂၀၁၉ အရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည် -

(က) နှစ်စဉ်သားပေါက်နိုင်သော အရွယ်ရောက်မိကျောင်းအမများ၏ ကောင်ရေ (Population) ကို လေ့လာနိုင်ရန်

(ခ) မိကျောင်းများ သားပေါက်ဂေဟနေရင်းဒေသ၏အခြေအနေကို လေ့လာဖော်ထုတ်နိုင်ရန်

(ဂ) မိကျောင်းအသိုက်များနှင့်ပတ်သက်သော အစာကွင်းဆက် ( Food Change)ကို လေ့လာဖော်ထုတ်နိုင်ရန်

## ဆောင်ရွက်သည့်ကာလ

၄။ ၂၀၂၀ခုနှစ် ၊ ဇူလိုင်လ (၂၀) ရက်နေ့မှ (၂၈) ရက်နေ့အထိဆောင်ရွက်ခဲ့ပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်သူများ

၅။ မိန်းမလှကျွန်းဘေးမဲ့တောမှ အောက်ပါဝန်ထမ်း(၃)ဦး၊ စခန်းအကူလုပ်သား (၂)ဦး နှင့်ငှားရမ်းအလုပ်သမား(၁)ဦးပါဝင်သော အဖွဲ့ဖြင့်ဆောင်ရွက်ခဲ့ပါသည်။

| စဉ် အမည် | ရာထူး |
|---|---|
| ၁။ ဦးသန့်ဇင် | တောအုပ် |
| ၂။ ဦးလွင်မောင်မောင် | ယာဉ်မောင်း/စက်ပြင် (၄) |
| ၃။ ဦးသန်းထိုက် | လုပ်သား |

## ငွေကြေးသုံးစွဲမှု

၆။ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း အစီအစဉ် (RNH) မှ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂၀၀၀၀/ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ဆောင်ရွက်ခဲ့သည့်နည်းလမ်း(နည်းစနစ်)

၇။ မိကျောင်းအသိုက်ရှာစာရင်းကောက်ယူခြင်းကို ဘေးမဲ့တောအတွင်း ယခင်မိကျောင်း အသိုက်တွေ့ရှိဖူးသည့်နေရာများ၊ ကင်းလှည့်စဉ် မိကျောင်းများ မကြာခဏတွေ့ရတတ်သည့် ချောင်းရိုးများနှင့် မိကျောင်းအသိုက်ပြုလုပ်နိုင်သည့်နေရာများ (မိကျောင်းအသိုက်ပြုလုပ်သည့် အခါ ငှက်ကျီးတောင်ပင်များကို အများဆုံးအသုံးပြုသဖြင့် အဆိုပါအပင်များအများဆုံး ပေါက်သည့်နေရာများ)တွင် ပဲ့ထောင်ရေယာဉ်ဖြင့်လည်းကောင်း၊ ခြေလျင်လမ်းလျှောက်၍ လည်းကောင်း၊ ဒရုန်း (Drone) ဖြင့်လည်းကောင်း ရှာဖွေ စာရင်းကောက်ယူခဲ့ပါသည်။

## လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့်အချက်အလက်များ

### လုပ်ငန်းဆောင်ရွက်မှု

၈။ ဘိုကလေးမြို့နယ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အကွက်အမှတ်(၁)၊ (၄)၊ (၅)၊ (၆)၊ (၁၁)၊(၈) များအတွင်း ဆောင်ရွက်ခဲ့ပါသည်။ နေ့ရက်အလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဇယား (၁) ဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား (၁) မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်း၊ နေ့ရက်အလိုက် လုပ်ငန်းဆောင်ရွက်မှု**

| စဉ် | ရက်စွဲ | ဆောင်ရွက်ခဲ့သည့်လမ်းကြောင်း | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တော အကွက်အမှတ်(၁) ကြောင်ထောက်ချောင်း ဧရိယာတွင် မိကျောင်းအသိုက် ရှာဖွေခြင်းဆောင်ရွက်ပါသည်။ | မတွေ့ရှိပါ။ |
| ၂ | ၂၁-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တော အကွက်အမှတ်(၄) ကြောင်ထောက်ပိုးလောင်းရေကျော်ချောင်းဧရိယာတွင် မိကျောင်းအသိုက် ရှာဖွေခြင်းဆောင်ရွက်ပါသည်။ | မတွေ့ရှိပါ။ |
| ၃ | ၂၂-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တော အကွက်အမှတ်(၆) သရဲမချောင်းနှင့်လမုအုပ်ချောင်းဧရိယာများအတွင်း မိကျောင်းအသိုက် ရှာဖွေခြင်းဆောင်ရွက်ပါသည်။လမုအုပ်ချောင်းအတွင်း မိကျောင်းအသိုက်တွေ့ရှိပါသည်။ | အသိုက်(၁) ခုတွေ့ရှိပါသည်။ |
| ၄ | ၂၃-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တော အကွက်အမှတ်(၁၁) ရုံးကွဲချောင်းအတွင်း မိကျောင်းအသိုက် ရှာဖွေခြင်းဆောင်ရွက်ပါသည်။ ရုံးကွဲ ချောင်းအတွင်း မိကျောင်းအသိုက်တွေ့ရှိပါသည်။ | အသိုက်(၁) ခုတွေ့ရှိပါသည်။ |
| ၅ | ၂၄-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တောအကွက်အမှတ်(၁၁)အမဲချောင်းလက်ညှိုးထိုးအကွဲဧရိယာအတွင်း မိကျောင်းအသိုက် ရှာဖွေခြင်းဆောင်ရွက်ပါသည်။ လက်ညှိုးထိုးအကွဲတွင် မိကျောင်းအသိုက်တွေ့ရှိပါသည်။ | အသိုက်(၁) ခုတွေ့ရှိပါသည်။ |
| ၆ | ၂၅-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တောအကွက်အမှတ်(၁၁) ပိုးလောင်းလေး အလံတိုင်ချောင်းဧရိယာအတွင်း မိကျောင်းအသိုက် ရှာဖွေခြင်းဆောင်ရွက်ပါသည်။ ပိုးလောင်းလေး အလံတိုင်ချောင်းတွင် မိကျောင်းအသိုက်တွေ့ရှိပါသည်။ | အသိုက်(၁) ခုတွေ့ရှိပါသည်။ |

| စဉ် | ရက်စွဲ | ဆောင်ရွက်ခဲ့သည့်လမ်းကြောင်း | မှတ်ချက် |
|---|---|---|---|
| ၇ | ၂၆-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တောအကွက်အမှတ်(၅) လမုတော ချောင်းဧရိယာအတွင်း မိကျောင်းအသိုက် ရှာဖွေခြင်း ဆောင်ရွက်ပါသည်။ လမုတောချောင်းတွင် မိကျောင်း အသိုက်တွေ့ရှိပါသည်။ | အသိုက်(၁) ခုတွေ့ရှိပါ သည်။ |
| ၈ | ၂၇-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တောအကွက်အမှတ်(၁၁)အမဲချောင်း ကျောက်ပျဉ်ကွဲ ဧရိယာအတွင်း မိကျောင်းအသိုက်ရှာဖွေ ခြင်း ဆောင်ရွက်ပါသည်။ ကျောက်ပျဉ်ကွဲတွင် မိကျောင်း အသိုက်တွေ့ရှိပါသည်။ | အသိုက်(၁) ခုတွေ့ရှိပါ သည်။ |
| ၉။ | ၂၈-၇-၂၀၂၀ | မိန်းမလှကျွန်းဘေးမဲ့တော အကွက်အမှတ် (၈) သစ်ထိုး ချောင်းအတွင်း မိကျောင်းအသိုက်ရှာဖွေခြင်းဆောင်ရွက် ပါသည်။ | မတွေ့ရှိပါ |

**တွေ့ရှိချက်များ**

၉။ မိန်းမလှကျွန်းဘေးမဲ့တောအတွင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း မိကျောင်း အသိုက်များကို ရှာဖွေရာ အသိုက် (၆) သိုက် တွေ့ရှိခဲ့ပါသည်။ မိကျောင်းအသိုက် တွေ့ရှိမှုကို ဇယား (၂) ဖြင့်လည်းကောင်း၊ စာရင်းကောက်ယူခဲ့သည့်လမ်းကြောင်းနှင့် အသိုက်များ၏ တည်နေရာပြမြေပုံကို နောက်ဆက်တွဲမြေပုံ (က) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။ တွေ့ရှိရသည့် မိကျောင်းအသိုက်များတွင် ဥလုံးရေ စုစုပေါင်း (၁၇၂) လုံးခန့် ရှိမည်ဟု ခန့်မှန်းပါသည်။ မိကျောင်းအသိုက် တစ်သိုက်ချင်းစီ၏ အသေးစိတ် အချက်အလက်များကို နောက်ဆက်တွဲ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ) တို့ဖြင့် အသီးသီး ဖော်ပြအပ်ပါသည်။

**ဇယား (၂) မိန်းမလှကျွန်းဘေးမဲ့တောအတွင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းတွင် မိကျောင်းအသိုက်တွေ့ရှိရမှု**

| စဉ် | အသိုက် | တည်နေရာ | အသုံးပြုထားသည့် အပင်မျိုးစိတ် | ခန့်မှန်း ဥလုံးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အမှတ် ၁ | အကွက်အမှတ်(၆) လမုအုပ်ချောင်းအတွင်း N 16° **01.171' , E 095° 19.735'** | ငှက်ကျီးတောင်၊ ဓမင်းနွယ်၊ ယင်းနှောင်းနွယ် | ၃၀ | သက်ကြီးကောင် ဖြစ်နိုင်ပါသည်။ |
| ၂ | အမှတ် ၂ | အကွက်အမှတ်(၁၁) ရုံးကွဲချောင်း | ငှက်ကျီးတောင်၊ ဓမင်းနွယ်၊ | ၄၀ | သက်ကြီးကောင် ဖြစ်နိုင်ပါသည်။ |


| စဉ် | အသိုက် | တည်နေရာ | အသုံးပြုထားသည့် အပင်မျိုးစိတ် | ခန့်မှန်း ဥလုံးရေ | မှတ်ချက် |
|---|---|---|---|---|---|
| | | N 15° 57.254' , E 095° 17.783' | ယင်းနှောင်းနွယ်၊ မြောက်ကြိမ် | | |
| ၃ | အမှတ် ၃ | အကွက်အမှတ်(၁၁) အမဲချောင်းလက်ညှိုးထိုးကွဲအတွင်း N 15˚ **57.689' , E 095˚ 17.354'** | ငှက်ကျီးတောင်၊ ခမင်းနွယ်၊ ယင်းနှောင်းနွယ်၊ သင်ဘောင်း | ၃၀ | သက်ကြီးကောင် ဖြစ်နိုင်ပါသည်။ |
| ၄ | အမှတ် ၄ | အကွက်အမှတ်(၁၁) ပိုးလောင်းလေးအလံတိုင်ချောင်းအတွင်း N 15˚ **57.589' , E 095˚ 17.263'** | ငှက်ကျီးတောင်၊ ယင်းနှောင်းနွယ်၊ ကုန်းသမန်း | ၂၀ | သက်လတ်ကောင် ဖြစ်နိုင်ပါသည်။ |
| ၅ | အမှတ် ၅ | အကွက်အမှတ်(၅) လမုတောချောင်းအတွင်း N 15˚ **59.717' , E 095˚ 17.509'** | ငှက်ကျီးတောင်၊ မျောက်ကြိမ်၊ မိကျောင်းနွယ်၊ ရေသမန်း၊ ယင်းနှောင်းနွယ် | ၁၇ | သတ်လတ်ကောင် ဖြစ်နိုင်ပါသည်။ |
| ၆ | အမှတ် ၆ | အကွက်အမှတ်(၁၁) ကျောက်ပျဉ်ကွဲချောင်း အဖျားချောင်းအတွင်း N 15˚ **5.633', E 095˚** | ငှက်ကျီးတောင် ခမင်းနွယ်၊ ကုန်းသမန်း၊ ယင်းနှောင်းနွယ် | ၃၅ | သက်ကြီးကောင် |
| | **စုစုပေါင်း** | | | **၁၇၂** | |

၁၀။ မိန်းမလှကျွန်းဘေးမဲ့တောတွင် ယခင်က မိကျောင်းသားပေါက်နှင့် ဥအချို့ကို ကင်းစခန်းများသို့ သယ်ယူ၍ မွေးမြူခြင်းများ၊ သဘာဝအတိုင်း သားဖောက်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ မိကျောင်းသားပေါက်များနှင့် ဥများကို သယ်ယူရန်အတွက် သားပေါက်ခါနီးအချိန်တွင် အသိုက်သို့ သွားရောက်ရာမှ အသိုက်အတွင်းရှိ သားပေါက်ထားသည့် ဥခွံအရေအတွက်၊ တွေ့ရှိရသည့် သားပေါက်ဦးရေ၊ ပျက်စီးနေသည့် ဥလုံးရေ (ပုပ်ခြင်း၊ အဆံချောင်ခြင်း စသည်) စသည်တို့ကို မှတ်တမ်းတင်ထားခဲ့ပါသည်။ အဆိုပါ မှတ်တမ်းများ

အပေါ်အခြေခံ၍ ဘေးမဲ့တောအတွင်းရှိ မိကျောင်းအသိုက်များရှိ ဥများမှ သားပေါက်နှုန်းကို တွက်ချက်ရာ ၈၀.၆၄% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၁။ ထို့ကြောင့် ယခု မိကျောင်းအသိုက် (၆) သိုက်ရှိ ခန့်မှန်း ဥရေ (၁၇၂) လုံးခန့်မှ ၁၃၈.၇ လုံးခန့်သာ သားပေါက်မည်ဟု ခန့်မှန်းပါသည်။ မိကျောင်းသားပေါက်များသည် အရွယ်ရောက် သက်ကြီးကောင်အဖြစ် အသက်ရှင်သန်နိုင်မှုမှာမူ ရာခိုင်နှုန်းလွန်စွာနည်းပါးပါသည်။ သားပေါက်ကောင် ဦးရေ၏ ၁% နှင့် အောက်သာ သက်ကြီးကောင်အဖြစ်သို့ ရောက်ရှိလေ့ ရှိပါသည်။ ထို့ကြောင့် သားပေါက်ရန် ခန့်မှန်းထားသည့် ၁၃၈.၇ ကောင်မှ ၁.၄ ကောင်ခန့်သာ သက်ကြီးကောင်အဖြစ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းပါသည်။

၁၂။ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မိကျောင်းအသိုက် တွေ့ရှိမှတ်တမ်းတင်နိုင်မှုမှာ နှစ်စဉ် ၅.၂ သိုက် ရှိပါသည်။ အဆိုပါ အသိုက်များမှ ခန့်မှန်း မိကျောင်းဥလုံးရေမှာ နှစ်စဉ် ပျမ်းမျှ ၁၇၅ လုံး ရှိပါသည်။ ထို့ကြောင့် ယခုနှစ် အသိုက် ၆ သိုက်နှင့် ခန့်မှန် မိကျောင်းဥရေ ၁၇၂ လုံးမှာ နှစ်စဉ်ပျမ်းမျှ တွေ့ရှိရသည့် မိကျောင်းအသိုက်နှင့် ခန့်မှန်းဥလုံးရေနှင့် နီးစပ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်အလိုက် မိကျောင်းတွေ့ရှိမှတ်တမ်းတင်ခဲ့သည့် မိကျောင်းအသိုက်အရေအတွက်နှင့် ခန့်မှန်းဥရေကို ပုံ (၁) ဖြင့် ဖော်ပြအပ်ပါသည်။



ပုံ (၁) ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မိကျောင်းအသိုက်စာရင်း ကောက်ယူခြင်း လုပ်ငန်းတွင် တွေ့ရှိ မှတ်တမ်းတင်ခဲ့သည့် မိကျောင်းအသိုက်အရေအတွက်နှင့် ခန့်မှန်း မိကျောင်းဥ အရေအတွက်။ ၂၀၁၈ ခုနှစ်တွင် စာရင်းကောက်ယူခြင်းကို Drone ဖြင့်သာ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် အတွက် မိကျောင်းအသိုက်စာရင်းကောက်ယူခဲ့သည့် အချက်အလက်များ မရရှိပါ။

၁၃။ ယခုတွေ့ရှိရသည့် မိကျောင်းအသိုက် (၆) သိုက်အနက် (၄) သိုက်ကို ဘေးမဲ့တော အကွက်အမှတ် (၁၁) အတွင်း တွေ့ရှိခဲ့ရခြင်း ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဘေးမဲ့တောအတွင်း အသိုက်ပြုလုပ်သည့် တည်နေရာများကို ဆန်းစစ်ရာတွင်လည်း အသိုက် စုစုပေါင်း (၄၇) သိုက်အနက် (၂၉) သိုက် (၆၂% ခန့်) ကို အကွက်အမှတ် (၁၁) အတွင်း ပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အကွက်အမှတ် (၁၁) သည် မိကျောင်းများ ဘေးကင်းစွာ အသိုက်ပြုလုပ်နိုင်ရန်အတွက် ဦးစားပေးထိန်းသိမ်းရမည့် ဧရိယာတစ်ခု ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မှတ်တမ်းတင်ထားသည့် အသိုက်များ၏ တည်နေရာပြမြေပုံကို နောက်ဆက်တွဲမြေပုံ (ခ) ဖြင့် ဖော်ပြအပ်ပါသည်။

## တွေ့ကြုံရသည့်အခက်အခဲများ

၁၄။ မိကျောင်းအသိုက်ရှာဖွေခြင်းလုပ်ငန်းသည် မိုးရာသီဒီရေများသောကာလတွင် ကွင်းနင်း ရှာဖွေရခြင်းဖြစ်၍ ဝန်ထမ်းများမှ အသိုက်များကို ရှာဖွေရာတွင် မိကျောင်းအသိုက်အနီး မိခင်မိကျောင်းနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံသည့်အခါ ခြောက်လှန့်မောင်းနှင်ရခြင်းနှင့် အသိုက်အနီး မိကျောင်းမ ရှိမရှိ ရှာဖွေရသည့်အခါ အန္တရာယ်ကြုံတွေ့နိုင်ပါသည်။

၁၅။ မိကျောင်းအသိုက်များကို Drone ဖြင့် ရှာဖွေစာရင်းကောက်ယူရာတွင် ပိုမိုထိရောက် လွယ်ကူသော်လည်း Drone Battery များသည် တစ်လုံးလျှင် ၃၀ မိနစ်ခန့်သာ မောင်းနှင်နိုင်သည့်အတွက် အသုံးပြုရချိန် တိုတောင်းခြင်း၊ မကြာခဏ ပြန်လည်အားသွင်းရန် လိုအပ်ခြင်း၊ တောတွင်းစခန်းများတွင် စခန်းချခြင်းကြောင့် ပြန်လည်အားသွင်းရန် ခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။

၁၆။ မိကျောင်းအသိုက်များကို စာရင်းကောက်ယူရာတွင် မိကျောင်းများ အသိုက်ပြုလုပ်ရန် အသုံးပြုလေ့ရှိသည့် အပင်မျိုးစိတ်များ ရှင်သန်ပေါက်ရောက်နေသည့် နေရာများ၊ ယခင်က မိကျောင်းအသိုက် တွေ့ရှိဘူးသည့်နေရာများ၊ မိကျောင်းစာရင်းကောက်ရာတွင် အကောင် ပေါက်ကလေး တွေ့ရှိရသည့်နေရာများ စသည့် မိကျောင်းအသိုက်တွေ့ရှိနိုင်သည့် နေရားများသို့

ဦးစားပေး သွားရောက်ရှာဖွေမှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယခုမှတ်တမ်းတင်ထားသည့် အချက်အလက်များမှ မိန်းမလှကျွန်းဘေးမဲ့တောတစ်ခုလုံးတွင် ရှိနိုင်မည့် မိကျောင်းအသိုက် အရေအတွက်ကို ခန့်မှန်းတွက်ချက်ခြင်း ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

## သုံးသပ်ချက်နှင့် အကြံပြုတင်ပြချက်

၁၇။ ယခုနှစ်မိကျောင်းအသိုက်စာရင်းကောက်ယူရာတွင် အသိုက် (၆) သိုက် တွေ့ရှိခဲ့ပြီး ဥလုံးရေ ၁၇၂ လုံးခန့်ဟု ခန့်မှန်းထားပါသည်။ သို့သော် မိကျောင်းများ အသိုက်ပြုလုပ်နိုင်သည့် ဧရိယာများကိုသာ သွားရောက် စာရင်းကောက်ယူထားသည့်အတွက် ဘေးမဲ့တောတစ်ခုလုံးကို စာရင်းကောက်ယူပါက ယခုထက် ပိုမိုများပြားနိုင်ပါသည်။ မိကျောင်းဥများ၏ သားပေါက်နှုန်း၊ သားပေါက်ကောင်များ၏ ရှင်သန်နိုင်စွမ်းအပေါ် မူတည်၍ ၁.၄ ကောင်ခန့်သာ သက်ကြီးကောင် အဖြစ် ရောက်ရှိမည်ဟု ခန့်မှန်းပါသည်။ စာရင်းမကောက်ယူခဲ့သည့် ဧရိယာများတွင် ရှိနိုင်သည့် မိကျောင်းအသိုက်များကိုပါ ထည့်သွင်းစဉ်းစားပါက ယခုနှစ်တွင် ဥသည့် ဥများအနက် ၂ ကောင်ခန့်မှာ သက်ကြီးကောင်အဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းပါသည်။

၁၈။ ယခုနှစ် ကောက်ယူရရှိသည့် ကိန်းဂဏန်းများသည် နှစ်စဉ်ပျမ်းမျှကိန်းဂဏန်းများနှင့် နီးစပ်ပါသည်။ ထို့ကြောင့် ဘေးမဲ့တောအတွင်း နောင်အနာဂတ်တွင် တစ်နှစ်လျှင် ၂ ကောင်နှုန်း သက်ကြီးကောင်အဖြစ်သို့ ရောက်ရှိမည်ဟု သုံးသပ်နိုင်ပါသည်။ ထိုကြောင့် နောင်တွင် လူနှင့်မိကျောင်း ပဋိပက္ခများလည်း ပိုမို များပြားလာနိုင်သည်ဟု သုံးသပ်ပါသည်။

၁၉။ ထို့ကြောင့် လူနှင့် မိကျောင်းပဋိပက္ခများကို လျှော့ချနိုင်ရန်အတွက် မိကျောင်းများ ဘေးမဲ့တောပြင်ပသို့ မထွက်စေရန် ဘေးမဲ့တောအတွင်း နေရင်းဒေသများ ပိုမိုကောင်းမွန်လာစေရန် ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများကို အသိပညာပေးဟောပြောခြင်း၊ ကျေးရွာများရှိ ဒေသခံပြည်သူများ ရေချိုးသည့်နေရာများတွင် မိကျောင်းအန္တရာယ်ကင်းစင်ရေး ခြံများ ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

၂၀။ ယခုနှစ် မှတ်တမ်းတင်ခဲ့သည့် မိကျောင်းအသိုက် ၆ သိုက်အနက် ၄ သိုက်ကို ဘေးမဲ့တော အကွက်အမှတ် (၁၁) အတွင်း တွေ့ရှိရခြင်း ဖြစ်ပါသည်။ ထို့အတူ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တွေ့ရှိရသည့် မိကျောင်းအသိုက် အများးစုမှာလည်း ဘေးမဲ့တောအကွက်အမှတ် (၁၁) အတွင်း အဓိက တွေ့ရှိရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အကွက်အမှတ် (၁၁) ကို အဓိက ထိန်းသိမ်းကာကွယ်သင့်သည့် ဧရိယာအဖြစ် သတ်မှတ်သင့်ပါသည်။

၂၁။ ၂၀၂၀ ပြည့်နှစ်တွင် ဘေးမဲ့တောပြင်ပ၌ မိကျောင်းအသိုက် (၁) ခု ပြုလုပ်ထားပါသည်။ ဘေးမဲ့တောပြင်ပတွင် အသိုက်ပြုလုပ်ခြင်းသည် လူနှင့်မိကျောင်း ပဋိပက္ခများကို ပိုမိုဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ဘေးမဲ့တောအတွင်း မိကျောင်းများ အသိုက်ပြုလုပ်နိုင်သည့် နေရာများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ဘေးမဲ့တောအကွက်အမှတ် (၁၁) အတွင်း မိကျောင်းများ အဓိက အသိုက်ပြုလုပ်ရသည့် အကြောင်းအရင်းများကို ဆန်းစစ်၍ ဘေးမဲ့တောအတွင်း အသိုက်ပြုလုပ်လေ့မရှိသည့် နေရာများတွင် အသိုက်ပြုလုပ်နိုင်သည့် အခြေအနေများ ဖော်ဆောင်ပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

## နိဂုံး

၂၂။ မိန်းမလှကျွန်းဘေးမဲ့တောသည် ရေချိုရေငန်စပ်မိကျောင်းများကို သဘာဝအတိုင်း ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဘေးမဲ့တောဖြစ်ပါသည်။ ရေချိုရေငန်စပ် မိကျောင်းများသည် ဘေးမဲ့တောအပါအဝင် အနီးဝန်းကျင်ရှိ ရမ်ဆာရေဝပ်ဒေသ၏ ဂေဟာစနစ်ကို တည်ငြိမ်မျှတနေစေရန် ထိန်းညှိရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မိန်းမလှကျွန်းဘေးမဲ့တောကို စီမံအုပ်ချုပ်ရာတွင် ရေချိုရေငန်စပ် မိကျောင်းများကို ထိရောက်စွာ ထိန်သိမ်းနိုင်ရန်သာမက လူနှင့်မိကျောင်းပဋိပက္ခများကို လျှော့ချနိုင်ရန်အတွက်ပါ အစီအမံများချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ အစီအမံများ ချမှတ်နိုင်ရန်အတွက် ဘေးမဲ့တောအတွင်း နှစ်စဉ်ပြုလုပ်သည့် မိကျောင်းအသိုက်အရေအတွက်၊ ပြုလုပ်သည့်နေရာ၊ ထိုအသိုက်များမှ ပေါက်ဖွားလာနိုင်သည့် မိကျောင်းဦးရေစသည့် အချက်အလက်များကို သိရှိထားရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ရေချိုရေငန်စပ် မိကျောင်းများကို ထိန်းသိမ်းခြင်းနှင့် လူနှင့်မိကျောင်းပဋိပက္ခလျော့ကျစေခြင်းတို့တွင် မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းမှ ရရှိသည့် အချက်အလက်များကို ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း
မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
တင်ပြအပ်ပါသည်။

**အသိုက်အမှတ်(၁)**

(၁) တွေ့ရှိသည့်နေ့ - ၂၂-၇-၂၀၂၀

(၂) အသိုက်တည်နေရာ - အကွက်အမှတ်(၆)လမုအုပ်ချောင်းအတွင်း

N 16° **01.171' , E 095° 19.735'**


(၃) အသိုက်လုံးပတ် - ၂၄´

(၄) အသိုက်အမြင့် - ၂´ ၆˝

(၅) အသိုက်အချင်း - ၇.၅´

(၆) အသိုက်အတွင်းအပူချိန် - ၃၀°C

(၇) အသိုက်ဘေး(၁၀)မီတာ အတွင်းပေါက်ရောက်ပင်များ




| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| Plot A | | | |
| ၁ | သရော | *Excoecaria agallocha* | Tree |
| ၂ | မြင်းကြ | *Cynometra iripa* | Tree |
| ၃ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၄ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| Plot B | | | |
| ၁ | သရော | *Excoecaria agallocha* | Tree |
| ၂ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၃ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| Plot C | | | |
| ၁ | သရော | *Excoecaria agallocha* | Tree |
| ၂ | ခမင်းနွယ် | *Stenochlaena palustris* | Climber |
| ၃ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၄ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၅ | မဒမ | *Ceriops dencradra* | Tree |
| Plot D | | | |

| | | | |
|---|---|---|---|
| ၁ | ကနစို | *Heritiera fomes* | Tree |
| ၂ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၃ | သရော | *Excoecaria agallocha* | Tree |
| ၄ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |

(ၵ) အသိုက်ပြုလုပ်ထားသည့်အပင်များ

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၂ | ဓမင်းနွယ် | *Stenochlaena palustris* | Climber |
| ၃ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |

(ဇ) စစ်ဆေးတွေ့ရှိသုံးသပ်ချက်

အသိုက်ပြုလုပ်ပုံအနေအထားနှင့် အသိုက်အရွယ်အစားအရ သက်ကြီးကောင် (Adult) အရွယ် မိကျောင်းဖြစ်ပါသည်။ အသိုက်အတွင်းဥအလုံးရေ (၃၀)လုံးခန့် ရှိမည်ဟုခန့်မှန်းပါသည်။ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း အသိုက်မှအကောင်ပေါက်နိုင်မည်ဟု ခန့်မှန်းပါသည်။

**အသိုက်အမှတ်(၂)**

(၁) တွေ့ရှိသည့်နေ့ - ၂၃-၇-၂၀၂၀

(၂) အသိုက်တည်နေရာ - အကွက်အမှတ်(၁၁)ရုံးကွဲချောင်းအတွင်း

N 15° **57.254' , E 095° 17.783'**


(၃) အသိုက်လုံးပတ် - ၂၄´

(၄) အသိုက်အမြင့် - ၃၀˝

(၅) အသိုက်အချင်း - ၇.၅´

(၆) အသိုက်အတွင်းအပူချိန် - ၃၁°C

(၇) အသိုက်ဘေး(၁၀)မီတာ အတွင်းပေါက်ရောက်ပင်များ




| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| Plot A | | | |
| ၁ | ပန့်သကာ | *Aglaia cucullata* | Tree |
| ၂ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၃ | ကနစို | *Heritiera fomes* | Tree |
| ၄ | သရော | *Excoecaria agallocha* | Tree |
| Plot B | | | |
| ၁ | ကနစို | *Heritiera fomes* | Tree |
| ၂ | မြင်းက | *Cynometra iripa* | Tree |
| ၃ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၄ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၅ | မျောက်ကြိမ် | *Flagellaria indica* | Climber |
| ၆ | ပန့်သကာ | *Aglaia cucullata* | Tree |
| ၇ | ပိပိနွယ်ပင် | *Finlaysonia maritima* | Climber |
| Plot C | | | |
| ၁ | ကနစို | *Heritiera fomes* | Tree |
| ၂ | ရေသမန်း | *Hibiscus tillaceus* | Shrub |

| | | | |
|---|---|---|---|
| ၃ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၄ | မျှောက်ကြိမ် | *Flagellaria indica* | Climber |
| ၅ | ပန့်သကာ | *Aglaia cucullata* | Tree |
| ၆ | သရော | *Excoecaria agallocha* | Tree |
| Plot D | | | |
| ၁ | ခရားပင် | *Aegiceras corniculatum* | Tree |
| ၂ | ပန့်သကာ | *Aglaia cucullata* | Tree |
| ၃ | မြင်းက | *Cynometra iripa* | Tree |
| ၄ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၅ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၆ | ပိပိနွယ် | *Finlaysonia maritima* | Climber |

(၈) အသိုက်ပြုလုပ်ထားသည့်အပင်များ

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ငှက်ကျီးတောင် | *Acrostichum aureum* | Palm |
| ၂ | ခမင်းနွယ် | *Stenochlaena palustris* | Climber |
| ၃ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၄ | မျှောက်ကြိမ် | *Flagellaria indica* | Climber |

(၉) စစ်ဆေးတွေ့ရှိသုံးသပ်ချက်

အသိုက်ပြုလုပ်ပုံအနေအထားနှင့် အရွယ်အစားအရ အရွယ်ရောက်( Adult ) အရွယ်ရောက်မိကျောင်းဖြစ်ပါသည်။ အသိုက်အတွင်း ဥအလုံးရေ (၄၀)လုံးခန့် ရှိမည်ဟုခန်းမှန့်ရပါသည်။ ၂၀၂၀ခုနှစ် ၊စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း အသိုက်မှအကောင် ပေါက်နိုင်မည်ဟု ခန့်မှန်းပါသည်။

**အသိုက်အမှတ်(၃)**

(၁) တွေ့ရှိသည့်နေ့ - ၂၄-၇-၂၀၂၀

(၂) အသိုက်တည်နေရာ - အကွက်အမှတ်(၁၁)အမဲချောင်းလက်ညှိုးထိုးကွဲအတွင်း
N 15° **57.689' , E 095° 17.354'**


(၃) အသိုက်လုံးပတ် - ၁၆´

(၄) အသိုက်အမြင့် - ၂၇˝

(၅) အသိုက်အချင်း - ၅´

(၆) အသိုက်အတွင်းအပူချိန် - ၂၉°C

(၇) အသိုက်ဘေး(၁၀)မီတာ အတွင်းပေါက်ရောက်ပင်များ




| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| Plot A | | | |
| ၁ | ပန့်သကာ | *Aglaia cucullata* | Tree |
| ၂ | ၄က်ကျီးတောင် | *Acrostichum aureum* | Fern |
| ၃ | ကနစို | *Heritiera fomes* | Tree |
| ၄ | သရော | *Excoecaria agallocha* | Tree |
| ၅ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၆ | ဓမင်းနွယ် | *Stenochlaena palustris* | Climber |
| ၇ | မဓမ | *Ceriops dencradra* | Tree |
| Plot B | | | |
| ၁ | ကနစို | *Heritiera fomes* | Tree |
| ၂ | သရော | *Excoecaria agallocha* | Tree |
| ၃ | ၄က်ကျီးတောင် | *Acrostichum aureum* | Fern |
| ၄ | သင်ဘောင်း | *Phoenix paludosa* | Plam |
| ၅ | ဓမင်းနွယ် | *Stenochlaena palustris* | Climber |
| Plot C | | | |

| | | | |
|---|---|---|---|
| ၁ | မြင်းက | *Cynometra iripa* | Tree |
| ၂ | စကားလွှန်း | *Intsia bijuga* | Tree |
| ၃ | ကုန်းသမန်း | *Aglaia cucullata* | Shrub |
| ၄ | ခမင်းနွယ် | *Stenochlaena palustris* | Climber |
| ၅ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| Plot D | | | |
| ၁ | စကားလွှန်း | *Intsia bijuga* | Tree |
| ၂ | ကုန်းသမန်း | *Aglaia cucullata* | Shrub |
| ၃ | မြင်းကပင် | *Cynometra iripa* | Tree |
| ၄ | ခမင်းနွယ် | *Phoenix paludosa* | Climber |
| ၅ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |

(၈) အသိုက်ပြုလုပ်ထားသည့်အပင်များ

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၂ | ခမင်းနွယ် | *Stenochlaena palustris* | Climber |
| ၃ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၄ | သင်ဘောင်း | *Phoenix paludosa* | Palm |

(၉) စစ်ဆေးတွေ့ရှိသုံးသပ်ချက်

အသိုက်ပြုလုပ်ပုံအနေအထားနှင့်အရွယ်အစားအရ အရွယ်ရောက်မိကျောင်း (Adult) ဖြစ်ပါသည်။အသိုက်အတွင်း ဥအလုံးရေ (၃၀)လုံးခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ ၂၀၂၀ခုနှစ် ၊စက်တင်ဘာလ ဒုတိယပတ်အတွင်း အသိုက်မှအကောင်ပေါက်နိုင်မည်ဟု ခန့်မှန်းပါသည်။

**အသိုက်အမှတ်(၄)**

(၁) တွေ့ရှိသည့်နေ့ - ၂၅-၇-၂၀၂၀

(၂) အသိုက်တည်နေရာ - အကွက်အမှတ်(၁၁)ပိုးလောင်းလေးအလံတိုင်ချောင်းအတွင်း

N 15° **57.589' , E 095° 17.263'**


(၃) အသိုက်လုံးပတ် - ၂၀′

(၄) အသိုက်အမြင့် - ၃၀″

(၅) အသိုက်အချင်း - ၆′

(၆) အသိုက်အတွင်းအပူချိန် - ၂၈°C

(၇) အသိုက်ဘေး(၁၀)မီတာ အတွင်းပေါက်ရောက်ပင်များ




| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| Plot A | | | |
| ၁ | သမဲ့ | *Avicennia officinalis* | Tree |
| ၂ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၃ | ကုန်းသမန်း | *Aglaia cucullata* | Shrub |
| ၄ | သရော | *Excoecaria agallocha* | Tree |
| Plot B | | | |
| ၁ | ကနစို | *Heritiera fomes* | Tree |
| ၂ | သရော | *Excoecaria agallocha* | Tree |
| ၃ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၄ | ကုန်းသမန်း | *Brownlowia tersa* | Shrub |
| Plot C | | | |
| ၁ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၂ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| Plot D | | | |
| ၁ | ကုန်းသမန်း | *Aglaia cucullata* | Shrub |

| | | | |
|---|---|---|---|
| ၂ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၃ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |

(၈) **အသိုက်ပြုလုပ်ထားသည့်အပင်များ**

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၂ | ကုန်းသမန်းပင် | *Aglaia cucullata* | Shrub |
| ၃ | ယင်းနှောင်းနွယ်ပင် | *Vitis auriculata* | Climber |

(၉) စစ်ဆေးတွေ့ရှိသုံးသပ်ချက်

အသိုက်ပြုလုပ်ပုံအနေအထားနှင့် အရွယ်အစားအရမဒါန်းမ (Sub-Adult) အရွယ် မိကျောင်းဖြစ်ပါသည်။ အသိုက်အတွင်း ဥ အလုံးရေ (၂၀)ခန့်ရှိမည်ဟုခန့်မှန်း ရပါသည်။ ၂၀၂၀ခုနှစ် ၊စက်တင်ဘာလ ပထမပတ်အတွင်း အသိုက်မှအကောင် ပေါက်နိုင်မည်ဟု ခန့်မှန်းပါသည်။

**အသိုက်အမှတ်(၅)**

(၁) တွေ့ရှိသည့်နေ့ - ၂၆-၇-၂၀၂၀

(၂) အသိုက်တည်နေရာ - အကွက်အမှတ်(၅)မိကျောင်းခေါင်းပုတ်လမု တောချောင်းအတွင်း
N 15° **59.717' , E 095° 17.509'**


(၃) အသိုက်လုံးပတ် - ၁၈′

(၄) အသိုက်အမြင့် - ၂၄″

(၅) အသိုက်အချင်း - ၆′

(၆) အသိုက်အတွင်းအပူချိန် - ၂၉°C

(၇) အသိုက်ဘေး(၁၀)မီတာ အတွင်းပေါက်ရောက်ပင်များ




| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| Plot A | | | |
| ၁ | ရေသမန်း | *Brownlowia tersa* | Shrub |
| ၂ | လမုပင် | *Sonneratia caseolaris* | Tree |
| ၃ | ကျည်းပင် | *Caesalpinia bonduc* | Tree |
| ၄ | လဘပင် | *Sonneratia griffithii* | Tree |
| Plot B | | | |
| ၁ | ရေသမန်း | *Brownlowia tersa* | Shrub |
| ၂ | ပန့်သကာ | *Aglaia cucullata* | Tree |
| ၃ | ကျည်းပင် | *Caesalpinia bonduc* | Tree |
| ၄ | မျောက်ကြိမ် | *Flagellaria indica* | Climber |
| ၅ | အလိုလေးပင် | *Caesalpinia crista* | Climber |
| Plot C | | | |
| ၁ | ဘီးစပ် | *Eupatorium odoratun* | Shrub |
| ၂ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၃ | မျောက်ကြိမ် | *Flagellaria indica* | Climber |

| | | | |
|---|---|---|---|
| ၄ | ရေသမန်း | *Brownlowia tersa* | Shrub |
| ၅ | မိကျောင်းနွယ် | *Derris Scandens* | Climber |
| Plot D | | | |
| ၁ | ဇလပ် | *Cerbera odollam* | Tree |
| ၂ | လမု | *Sonneratia caseolaris* | Tree |
| ၃ | ကျည်း | *Caesalpinia bonduc* | Tree |
| ၄ | ရေသမန်း | *Brownlowia tersa* | Shrub |
| ၅ | အလိုလေး | *Caesalpinia crista* | Climber |
| ၆ | ဘီးစပ် | *Eupatorium odoratun* | Climber |

(ဂ) အသိုက်ပြုလုပ်ထားသည့်အပင်များ

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ၄က်ကျီးတောင် | *Acrostichum aureum* | Fern |
| ၂ | မျောက်ကြိမ် | *Flagellaria indica* | Climber |
| ၃ | မိကျောင်းနွယ် | *Derris Scandens* | Climber |
| ၄ | ရေသမန်း | *Brownlowia tersa* | Shrub |
| ၅ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |

(ဃ) စစ်ဆေးတွေ့ရှိသုံးသပ်ချက်

အသိုက်ပြုလုပ်ပုံအနေအထားနှင့်အရွယ်အစားအရ မဒါန်းမ (Sub-Adult) အရွယ်မိကျောင်းဖြစ်ပါသည်။ အသိုက်မှာ ချောင်းစပ်ရေပြည့်ချိန်နှင့် (၅)ပေခန့် အကွာ၌ ပြုလုပ်ထားခြင်းဖြစ်သည်။ အသိုက်တွင်း ဥ အလုံးရေ(၁၇)လုံးခန့်ရှိမည်ဟုခန့်မှန်းရပါသည်။ ၂၀၂၀ခုနှစ် ၊စက်တင်ဘာလ ပထမပတ်အတွင်း အသိုက်မှ အကောင်ပေါက်နိုင်မည်ဟု ခန့်မှန်းပါသည်။

## အသိုက်အမှတ်(၆)

(၁) တွေ့ရှိသည့်နေ့ - ၂၇-၇-၂၀၂၀

(၂) အသိုက်တည်နေရာ - အကွက်အမှတ်(၁၁)အမဲချောင်းကျောက်ပျဉ် ခွဲအဖျားချောင်းအတွင်း

N 15° **5.633' , E 095° 17.618'**


(၃) အသိုက်လုံးပတ် - ၂၂´

(၄) အသိုက်အမြင့် - ၃၀˝

(၅) အသိုက်အချင်း - ၇´

(၆) အသိုက်အတွင်းအပူချိန် - ၂၉°C

(၇) အသိုက်ဘေး(၁၀)မီတာ အတွင်းပေါက်ရောက်ပင်များ




| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| Plot A | | | |
| ၁ | သရော | *Excoecaria agallocha* | Tree |
| ၂ | သခွပ် | *Dolichandrove spathacea* | Tree |
| ၃ | မြင်းက | *Cynometra iripa* | Tree |
| ၄ | ကုန်းသမန်း | *Brownlowia tersa* | Shrub |
| ၅ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၆ | ဓမင်းနွယ် | *Stenochlaena palustris* | Climber |
| Plot B | | | |
| ၁ | ရေသမန်း | *Brownlowia tersa* | Shrub |
| ၂ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၃ | ကနစိုပင် | *Heritiera fomes* | Tree |
| ၄ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၅ | သရော | *Excoecaria agallocha* | Tree |
| Plot C | | | |
| ၁ | သခွပ် | *Dolichandrove spathacea* | Tree |

| | | | |
|---|---|---|---|
| ၂ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၃ | ကုန်းသမန်း | *Aglaia cucullata* | Shrub |
| ၄ | သင်ဘောင်း | *Phoenix paludosa* | Palm |
| ၅ | မြင်းကာ | *Cynometra iripa* | Tree |
| Plot D | | | |
| ၁ | သရော | *Excoecaria agallocha* | Tree |
| ၂ | သခွပ် | *Dolichandrove spathacea* | Tree |
| ၃ | မြင်းကာ | *Cynometra iripa* | Tree |
| ၄ | ဓမင်းနွယ် | *Stenochlaena palustris* | Climber |
| ၅ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |
| ၆ | ခရား | *Aegiceras corniculatum* | Tree |
| ၇ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |


(၈) အသိုက်ပြုလုပ်ထားသည့်အပင်များ

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ငှက်ကျီးတောင် | *Acrostichum aureum* | Fern |
| ၂ | ဓမင်းနွယ် | *Stenochlaena palustris* | Climber |
| ၃ | ကုန်းသမန်း | *Brownlowia tersa* | Shrub |
| ၄ | ယင်းနှောင်းနွယ် | *Vitis auriculata* | Climber |


(၉) စစ်ဆေးတွေ့ရှိသုံးသပ်ချက်

အသိုက်ပြုလုပ်ပုံအနေအထားနှင့် အရွယ်အစားအရ အရွယ်ရောက် ( Adult ) မိကျောင်းမ ဖြစ်ပါသည်။ အသိုက်အတွင်း ဥ အလုံးရေ (၃၅)လုံးခန့်နှင့် ၂၀၂၀ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်း အသိုက်မှအကောင် ပေါက်နိုင်မည်ဟု ခန့်မှန်းပါသည်။

**မိန်းမလှကျွန်းဘေးမဲ့တော၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း မိကျောင်းအသိုက်စာရင်းကောက်ယူခဲ့သည့် လမ်းကြောင်းများနှင့် တွေ့ရှိမှတ်တမ်းတင်ခဲ့သည့် မိကျောင်းအသိုက်များ တည်နေရာပြ မြေပုံ**



## မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တွေ့ရှိမှတ်တမ်းတင်ခဲ့သည့် မိကျောင်းအသိုက်များ တည်နေရာများပြ မြေပုံ



**မိန်းမလှကျွန်းဘေးမဲ့တော၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်အတွင်း**

**မိကျောင်းအသိုက်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်သည့်မှတ်တမ်းဓာတ်ပုံများ**




ဘေးမဲ့တောအတွင်း မိကျောင်းအသိုက်စာရင်းကောက်ရန်သွားရောက်ခြင်း



**ဘေးမဲ့တောအကွက်အမှတ်(၆) လမုအုပ်ချောင်းအတွင်းရှိမိကျောင်းအသိုက်**

**N 16° 01.171' , E 095° 19.735'**




အသိုက်နှင့်ပတ်သက်သည့်မှတ်တမ်းများရယူခြင်း






Drone Camera ဖြင့်မှတ်တမ်းတင်ခြင်း



**ဘေးမဲ့တောအကွက်အမှတ်(၁၁)ရှိုးကွဲချောင်းအတွင်းတွေ့ရှိရသောမိကျောင်းအသိုက်**

**N 15° 57.254' , E 095° 17.783'**




အသိုက်နှင့်ပတ်သည့်မှတ်တမ်းများယူခြင်း




**ဘေးမဲ့တောအကွက်အမှတ်(၁၁)အမဲချောင်းလက်ညှိုးထိုးအကွဲရှိမိကျောင်းအသိုက်**

**N 15° 57.689' , E 095° 17.354'**




အသိုက်နှင့်ပတ်သက်သည့်မှတ်တမ်းများရယူခြင်း




**အကွက်အမှတ်(၁၁)**

**အလံတိုင်ချောင်းမိကျောင်းအသိုက်စာရင်းကောက်သွားသည့်တောတွင်းလမ်း**






**ဘောမဲ့တောအကွက်အမှတ်(၁၁) ပိုးလောင်းလေးအလံတိုင်ချောင်းရှိ မိကျောင်းအသိုက်**

**N 15° 57.589' , E 095° 17.263'**




အသိုက်နှင့်ပတ်သက်သည့်မှတ်တမ်းများရယူခြင်း




**ဘေားမဲ့တောအကွက်အမှတ်(၅)လမုတောချောင်းအတွင်းတွေ့ရှိရသည့် မိကျောင်းအသိုက်**

**N 15˚ 59.717' , E 095˚ 17.509'**



အသိုက်နှင့်ပတ်သက်သည့်မှတ်တမ်းများရယူခြင်း




**အကွက်အမှတ်(၁၁)အမဲချောင်းကျောက်ပျဉ်ကွဲအဖျားအတွင်းရှိမိကျောင်းအသိုက်**

**N 15˚ 5.633' , E 095˚ 17.618'**



အသိုက်နှင့်ပတ်သက်သည့်မှတ်တမ်းများရယူခြင်း

